မာတိကာ

* စကားဦး ၁
၁။ အထာတော ယူမက္ကာရ ဂျိဂယာဆာ ၇
၂။ အနှောင်အဖွဲ့ကို ဖြတ်တောက်ပစ်ပါ ၂၀
၃။ ပညာနှင့် အရွယ် ၃၅
၄။ ကိုယ့်ထူးကိုယ်ချွန် ၅၀
၅။ အတတ်ပညာနှင့် အနုပညာ ၆၅
၆။ မိန်းမခရီးသည် ၇၀
၇။ ခရီးလှည့်လည်သွားလာခြင်းနှင့် ဘာသာတရား ၈၀
၈။ အချစ်ရေး ၉၄
၉။ ဒေသန္တရ ဗဟုသုတ ၁၀၅
၁၀။ မရဏ ဒဿန ၁၁၈
၁၁။ ခြေဦးတည့်ရာ ၁၃၂
၁၂။ ကလောင်နှင့် ခရီး ၁၄၃
၁၃။ ခရီးသည်နှင့် အမှတ်တရ ၁၅၇

ရာဟုလာ သံကိစ္စည်း၏ ယူမတ္တရသျှတ္တရ

စကားဦး

ရာဟုလာသံကိစ္စည်းသည် ၂၀ ရာစု မဟာခရီးသည် တစ်ဦးဖြစ်သည်။ အိန္ဒိယပြည် တစ်ခွင်လုံး ပြုပြစင်အောင် လှည့်လည်သွားလာခဲ့သည်။ နိုင်ငံခြားတိုင်းပြည်များသို့လည်း အနှံ့အပြား သွားရောက်လည်ပတ်ခဲ့သည်။ အချို့ တိုင်းပြည်များသို့ကား အခေါက်ခေါက် အခါခါသွားရောက်ခဲ့သည်။ ရာဟုလာ ကိုယ်တိုင်က သူ့ခြေထောက်မှာ 'ဗွေ'ပါသည်ဟု ပြောထားသည်။ တစ်နေရာတည်းမှာ အေးချမ်းငြိမ်သက်စွာ နေထိုင်ရခြင်းကို မည်သည့်အခါမှ မလိုလား မနှစ်သက်ပေ။ ခရီးသွားနေရမှ ကျေနပ်သည်။

ရာဟုလာသည် သူခရီးသွားခဲ့သော တိုင်းပြည်များအနက် ပြည်တွင်းတွင် ဗုဒ္ဓဘာသာဆိုင်ရာ နေရာဒေသများကို အထူးသဖြင့် နှစ်သက်သည်ဟု ပြောပြီး ပြည်ပတွင်မူ သီဟိုဠ်၊ တိဘက်၊ ရုရှားပြည်များကို စိတ်ဝင်စားသည်ဟု ဆိုသည်။ ထို့ကြောင့်လားမသိ။ ယင်းဒေသများကို အခေါက်ခေါက် အခါခါသွားခဲ့သည်။ သူ၏ ခရီးစဉ်မှတ်တမ်းများကို ခရီးသည် ရာဟုလာကိုယ်တိုင် အပြည့်အစုံ ရေးသားထားသည်။

ရာဟုလာသည် တိဘက်ခရီးကို အလွန်တရာ စိတ်ပါဝင်စားသည်။ ယင်းအချက်ကို သူကိုယ်တိုင်ကပင် ထုတ်ဖော်ဝန်ခံထားသည်။ ရောက်ဖို့၊ သွားဖို့ ခက်ခဲသော တိဘက်သို့ လေးကြိမ်တိတိသွားရောက်

သည်။ ထိုမျှနှင့်လည်း ကျေနပ်အားရခြင်း မရှိပေ။ ပဉ္စမအကြိမ်သွားရောက်ဖို့ပင် ကြိုးပမ်းအားထုတ်လိုက်သေးသည်။ သို့သော် အခြေအနေမပေးသဖြင့် လမ်းခုလတ်က လှည့်ပြန်ခဲ့ရသည်။ သူ၏ တိဘက်ခရီးမှာ ခက်ခဲသလောက် အကျိုးကျေးဇူးလည်းများသည်။ စိတ်ဝင်စားစရာလည်းကောင်းသည်။ တိဘက်သွားခြင်းမှာ အကြောင်းမဲ့ အပျော်သက်သက်ခရီးထွက်ခြင်းမျိုး မဟုတ်ပေ။ ကြီးမားမြင့်မြတ်သော ရည်ရွယ်ချက်ကြီးရှိနေသည်။ အိန္ဒိယတွင် တိမ်မြုပ်ပျောက်ကွယ်နေပြီဖြစ်သည့် ရှေးခေတ်အိန္ဒိယဒဿနပညာရှင်များ၏ ကျမ်းစာများ၊ ဗုဒ္ဓဘာသာဆိုင်ရာ အဖိုးတန်သမိုင်းအထောက်အထားများကို ရှာဖွေလိုသည့် စိတ်ဓာတ်ပြင်းပြနေသည်။ ယင်းအရာဝတ္ထုများကို တိဘက်သွားမှ တွေ့ရှိနိုင်သည်။

ရာဟုလာသည် ၁၉၂၇ခုနှစ် ဒီဇင်ဘာလထဲတွင် တိဘက်သွားရန် သီဟိုဠ်မှ ထွက်လာခဲ့ခြင်းဖြစ်သည်။

ထိုခေတ် ထိုအချိန်က တိဘက်အရောက်သွားဖို့ရန်မှာ မဖြစ်နိုင်သလောက်ပင် ခက်ခဲသည်။ ကလင်ပုံမှ တိဘက်မြို့တော်လာဆာသို့ သွားသော လမ်းမှာ အန္တရာယ်များလှသည်။ ဂယံကျီအထိ အင်္ဂလိပ်အစိုးရက မျက်စိဒေါက်ထောက်ကြည့်နေသည်။ အင်္ဂလိပ်အစိုးရသည် လွတ်လပ်ရေးတိုက်ပွဲဝင်တစ်ဦးဖြစ်သူ ရာဟုလာအား နယ်စပ်ဖြတ်ကျော်ခွင့်ပြုမည်မဟုတ်သည်မှာသေချာသည်။ ထို့ကြောင့် ရာဟုလာသည် နီပေါမှ တစ်ဆင့်တိဘက်သွားရန် ဆုံးဖြတ်လိုက်သည်။ နီပေါသွားဖို့ရန်မှာလည်း လွယ်ကူလှသည် မဟုတ်ပေ။ နီပေါကလည်း အင်္ဂလိပ်ကို သက်ာမကင်းသည့် မျက်လုံးဖြင့် ကြည့်နေသည်။ တိဘက်ကလည်း ထိုနည်းအတိုင်းပင်။ ထို့ကြောင့် ရာဟုလာအနေဖြင့် တိဘက်အရောက်သွားရန်အတွက် အစိုးရသုံးဦးအား လှည့်စားပြီးသွားမှသာ ဖြစ်ဖို့ရှိနေသည်။

နီပေါနယ်စပ်ကို အချိန်မရွေးဖြတ်ကျော်၍ မရပေ။ အိန္ဒိယမှ နီပေါသို့ လွတ်လွတ်လပ်လပ်သွား၍ရသည့် အချိန်တစ်ချိန်ရှိသည်။ ထိုအချိန်မှာ 'ရှိဝရတ္တိ'ခေါ် သျှိဝဘုရားပွဲအချိန်ကာလဖြစ်သည်။ ရာဟုလာသည် ထိုဘုရားပွဲအချိန်ကို စောင့်ဆိုင်းပြီးလျှင် ဘုရားပွဲအချိန်ရောက်လာသောအခါ တခြားဘုရားဖူးများနှင့် ရောပြီး နီပေါပြည်ထဲဝင်သွားရသည်။ နီပေါတွင် အချိန်အတန်ကြာမျှ နေထိုင်ပြီး တိဘက် အဝတ်အစားဝတ်

လျက် တိဘက်တစ်ဦးအသွင် ဆောင်လိုက်သည်။ ယင်းသို့ ရုပ်ဖျက်မသွားလျှင် တိဘက်ရောက်ဖို့ မလွယ်ပေ။

ရာဟုလာသည် တိဘက်မသွားခင် နီပေါ၌ အထင်ကရ မနေရဲပေ။ တိဘက်လာမားတစ်ဦး အသွင် ဆောင်လိုက်သည်ဖြစ်၍ တိဘက်စကားပြောတတ်ဖို့ လိုလာသည်။ ထို့ကြောင့် တိဘက်စကားကို ကျိတ်ပြီးသင်သည်။ ထို့နောက် တိဘက်လာမားတစ်ဦးအသွင်ဖြင့် နီပေါမှ တိဘက်သို့ တိတ်တဆိတ်ထွက်သွားသည်။ သူ့ကို တိဘက်လာမားတစ်ဦးက ခေါ်ဆောင်သွားသည်။ လမ်းခရီး၌ အခက်အခဲအမျိုးမျိုးတွေ့ရသည်။ ခရီးကလည်း ကြမ်းသည်။ အစစ်ဆေးအမေးမြန်းကလည်းထူသည်။ အချို့လမ်းခရီး၌ အသက်ဆံဖျားစွန့်စားသွားရသည်။ ဟိမဝန္တာတောင်များကာရံနေသည်။ တောကြီးများက ဆီးကာနေသည်။ ရေခဲပြင်ကြီးများက ဟန့်တားနေသည်။ သို့ရာတွင် နောက်သို့ပြန်မဆုတ်ရှေ့သို့သာတိုးသွားသည်။ တစ်တောင်တက် တစ်တောင်ဆင်းသည်။ ရေခဲတောင်ကြီးများပေါ် ကျော်သွားသည်။ တောကြီးမျက်မည်းများကို ဖြတ်သွားသည်။ အစောင့်ချထားသည့် စခန်းများကို တစ်ခုပြီးတစ်ခု ရင်ဆိုင်သွားသည်။ တစ်နေရာ၌ စစ်ဆေးမေးမြန်းသည့် အရာရှိများနှင့် တိုးနေပြီး သီသီကလေးလွတ်မြောက်သွားသည်။

အခက်အခဲအမျိုးမျိုးကို ကျော်လွှန်ပြီးနောက် ၁၉၂၉ ခုနှစ် ဇူလိုင်လတွင် ရာဟုလာသည် တိဘက်မြို့တော် လာဆာ ရောက်သွားသည်။ လမ်းခရီး၌ ငါးလ၊ ခြောက်လကြာသည်။ လာဆာရောက်သောအခါ မျက်နှာဖုံးခွာချလိုက်သည်။ မည်သူမည်ဝါဖြစ်ကြောင်း ဖွင့်ဟပြောပြလိုက်သည်။ ထိုအချိန်က အုပ်ချုပ်နေသော ဒလိုင်းလားမားကိုလည်း အမှန်အတိုင်းပြောပြလိုက်သည်။ အမှန်အတိုင်းသိရှိသွားသောအခါ သူ့အပေါ် ယုံမှားသံသယမရှိကြတော့။ တိဘက်ပြည်၌ တစ်နှစ်နှင့် သုံးလကြာသွားသည်။ ထိုအချိန်ကာလအတွင်း တိဘက်ပြည်ရှိ ထိပ်တန်းလာမားများ၊ အရာရှိများ၊ လူကုံထံများက သူ့ကို အကူအညီပေးကြသည်။

တိဘက်ပြည်၌ ရာဟုလာသည် နေရာအနှံ့အပြားလှည့်လည်သွားလာနေသည်။ တစ်နှစ်နှင့် သုံးလကြာသောအခါ တိဘက်ပြည်၌ ရှာဖွေရရှိသည့် ကျမ်းစာများနှင့် သမိုင်းတန်ဖိုးရှိသော ပန်းချီကားများကို လားများဖြင့် တင်ဆောင်ယူခဲ့ပြီးလျှင် အိန္ဒိယပြန်လာသည်။ အပြန်ခရီးတွင် နီပေါမှတစ်ဆင့် မပြန်တော့ဘဲ ဂယံကျီ၊ ကလင်ပုံလမ်းမှ ပြန်လာခဲ့သည်။ အိန္ဒိယရောက်သောအခါ သီဟိုဠ်တန်းသွားပြီး ၁၉၃၀ ပြည့်နှစ် ဇွန်လထဲတွင် သီဟိုဠ်ကျွန်း ကန္ဒီမြို့တွင် ရဟန်းခံလိုက်သည်။ ရာဟုလာ၏ ပထမအကြိမ် တိဘက်ခရီးမှာ သီဟိုဠ်မှာ စတင်ပြီး သီဟိုဠ်သို့ပင် အရောက်ပြန်ခဲ့သည့်ခရီး ဖြစ်သည်။

ရာဟုလာသည် ၁၉၃၄ ခုနှစ် မေလထဲတွင် တိဘက်သို့ ဒုတိယအကြိမ်သွားပြန်သည်။ ဒုတိယအကြိမ် တိဘက်ခရီးတွင်လည်း မူရင်းသက္ကတဘာသာဖြင့် ပျောက်ကွယ်တိမ်မြုပ်နေသည့် ကျမ်းစာပေါင်းများစွာကို တိဘက်မှ ဆောင်ကြဉ်းလာခဲ့သည်။ ထိုအချိန်က ရာဟုလာ၏ သတင်းသည် ကမ္ဘာ့ပညာရှင်လောကတွင် ထင်ပေါ်ကျော်ကြားသွားသည်။ ကမ္ဘာပေါ်ရှိ အရှေ့တိုင်း စာပေပညာရှင်များသည် ရာဟုလာ၏ စွန့်စားမှုကို တအံ့တသြ ဖြစ်သွားကြသည်။ ရာဟုလာရှာဖွေဆောင်ကြဉ်းလာခဲ့သော ကျမ်းစာများထဲတွင် **ဓမ္မကိတ္တိ**ရေးသားသော 'ပမာဏဝတ္တိက' ပါလာသည်ဖြစ်၍ ရုရှားပညာရှင် ရှေးရ်ဗတ်စကီးသည် ဝမ်းပန်းတသာဖြစ်ပြီး ရာဟုလာ၏ ရှာဖွေတွေ့ရှိချက်များကို နိုင်ငံတကာသုတေသနပြပွဲတစ်ခုခင်းကျင်းပြသသင့်သည်ဟုပင် အကြံပေးသည်။ ပြင်သစ် ဗုဒ္ဓစာပေပညာရှင်ဆစ်လဗန်လေဗီကလည်း ချီးကျူးထောမနာပြုသည့်စာ ရာဟုလာထံ ရေးလိုက်သည်။ လန်ဒန် 'ဒေးလီးမစ်ရာ' အပါအဝင်ကမ္ဘာ့သတင်းစာများကလည်း ရာဟုလာ၏တိဘက်ခရီးအကြောင်းကို ရေးသားဖော်ပြကြသည်။

ရာဟုလာသည် တိဘက်ပြည်သို့ ၁၉၃၅ ခုနှစ်တွင် တစ်ကြိမ် (တတိယအကြိမ်)၊ ၁၉၃၈ ခုနှစ်တွင် တစ်ကြိမ် (စတုတ္ထအကြိမ်)သွားပြန်သည်။ တိဘက်ပြည်၌ ရာဟုလာသည် ကျမ်းစာများကို အလွယ်တကူရရှိသည်မဟုတ်ပေ။ ခက်ခက်ခဲခဲ ရှာဖွေပြီး ယူဆောင်လာရခြင်းဖြစ်သည်။ တချို့ကျမ်းစာများကိုကား ကူးယူခွင့်၊ ဓာတ်ပုံရိုက်ခွင့်သာရသည်။

၁၉၃၅ ခုနှစ်တွင် ရာဟုလာသည် မြန်မာနိုင်ငံမှ တစ်ဆင့် ဂျပန်သွားသည်။ ဂျပန်ပြည်မှ အပြန်တွင် နောက်ကြောင်း မလှည့်တော့ဘဲ ကိုရီးယားနှင့် မန်းချူးရီးယားတို့ကို ဖြတ်လျက် ရုရှားသို့ရောက်သွားသည်။

၁၉၃၀ ပြည့်နှစ်တွင် ရာဟုလာသည် ဒုတိယအကြိမ် ရုရှားသို့ သွားပြန်သည်။ လီနင်ဂရက် ပညာအကယ်ဒမီအသင်းကြီးမှ ဖိတ်သောကြောင့် သွားရောက်ရခြင်းဖြစ်သည်။ ထိုအချိန်က လီနင်ဂရက် တက္ကသိုလ်တွင် အရှေ့တိုင်းစာပေဌာနရှိသည်။ ယင်းဌာန၏ ဌာနစိတ် တစ်ခုမှာ အိန္ဒိယ-တိဘက်ဌာနဖြစ်သည်။ ယင်းဌာနစိတ်၌ သက္ကတဘာသာပို့ချပေးသည်။ ရုရှားပညာရှင် ဒေါက်တာရှေးရ်ဗက်စကီးသည် ထိုဌာနစိတ်၏ ဌာနမှူးဖြစ်သည်။ ဒေါက်တာ ဗာရာနီကော့ဗ်က ကထိကအဖြစ် ဆောင်ရွက်သည်။ ရာဟုလာကိုလည်း ယင်းဌာနစိတ်တွင် ကထိကတစ်ဦးအဖြစ် ခန့်ထားသည်။

၁၉၄၅ ခုနှစ်တွင် ရာဟုလာကို လီနင်ဂရက်တက္ကသိုလ်၌ သက္ကတစာပို့ချရန် ဖိတ်မန္တကပြုပြန်သည်ဖြစ်၍ အီရန်ကို ဖြတ်ပြီး ရုရှားပြည်သို့ တတိယအကြိမ်သွားသည်။ ရာဟုလာသည် ရုရှားပြည်သို့ စတုတ္ထအကြိမ်သွားပြီးသည့်နောက်တွင် ပဉ္စမအကြိမ် သွားရောက်ဖို့ ရန်အတွက်ပင် ကြိုးစားအားထုတ်သေးသည်။ တရုတ်ပြည်မှ တစ်ဆင့်သွားရောက်သော ပဉ္စမအကြိမ်ခရီးတွင် တရုတ်ပြည်၌ မကျန်းမမာဖြစ်လာသောကြောင့် ရုရှားပြည်သို့ ဆက်မသွားနိုင်တော့ဘဲ တရုတ်ပြည်မှ လှည့်ပြန်လာခဲ့ရတော့သည်။

ရာဟုလာသည် ခြောက်ဆယ့်တစ်နှစ်အရွယ်လောက်တွင် သီရိလင်္ကာနိုင်ငံသို့ သွားပြန်သည်။ သီရိလင်္ကာနိုင်ငံ၌ ဝိဒျာလင်္ကာရအမည်ရှိ ဗုဒ္ဓဘာသာတက္ကသိုလ်ကြီးရှိသည်။ ယင်းတက္ကသိုလ်၌ ဒဿနိကဗေဒပညာဌာနမှူးအဖြစ်ဆောင်ရွက်ရန် ပင့်ဖိတ်သောကြောင့် သွားရောက်ခြင်းဖြစ်သည်။ သို့သော်လည်း သီရိလင်္ကာနိုင်ငံ၌ အချိန်ကြာကြာမနေလိုက်ရဘဲ ရောဂါပြန်ထလာသောကြောင့် အိန္ဒိယပြန်လာပြီး ၁၉၃၆ ခုနှစ် ဧပြီလ ၁၄ ရက်နေ့တွင် အသက်ခုနစ်ဆယ်အရွယ် မဟာပညာရှင်ကြီး၊ မဟာခရီးသည်ကြီးရာဟုလာ၏ ဘဝခရီးသည် နိဂုံးချုပ်သွားသည်။ ရာဟုလာသည်မကွယ်လွန်မီ နှစ်နှစ်၊ သုံးနှစ်အထိ ခရီးသွားခဲ့သည်။ မကွယ်လွန်မီ နှစ်နှစ်၊ သုံးနှစ်လောက်အထိ ကလောင်ချမသွားခဲ့ပေ။

ဘာသာရပ်ပေါင်းများစွာနှင့် ပတ်သက်ပြီး ရာဟုလာ ရေးသွားခဲ့သော တစ်ရာကျော်နှစ်ရာနီးပါးရှိ ကျမ်းစာအုပ်များထဲတွင် 'ယူမက္ကရသျှတ္တရ' အမည်ရှိ ကျမ်းစာအုပ်တစ်အုပ်ရှိသည်။ ရာဟုလာသည် တစ်သက်လုံး သူကိုယ်တိုင်လည်း ခရီးသွားသည်။ သူ၏ ခရီးမှတ်တမ်းများကို ရေးထားသော စာအုပ်များစွာလည်းရှိသည်။ ကမ္ဘာ့ခရီးသည်များကိုလည်း သူ၏ စာအုပ်များထဲတွင် တခမ်းတနားနေရာပေးထားသည်။

'ယူမက္ကရသျှတ္တရ' စာအုပ်မှာ ခရီးသွားခြင်း အလုပ်ကို ကျင့်စဉ်တစ်ရပ်အဖြစ် အမွှမ်းတင်ထားသော စာအုပ်ဖြစ်သည်။ သက္ကတသျှတ္တရကျမ်းကြီးကျမ်းခိုင်များကို 'အထာတော ဂျိပယာဆာ' [သျှတ္တရကျမ်းစာများကို စူးစမ်းလေ့လာမှုပြုခြင်းသည် လူ့လောကအတွက်ကြီးစွာအကျိုးပြုခြင်းဖြစ်၏။] ဟူ၍ အမြတ်တနိုး ဂုဏ်ပြုအမွှမ်းတင်ထားသည်။ ရာဟုလာက သူ၏ ယူမက္ကရ (ခြေသလုံးအိမ်တိုင် ခရီးလှည့်လည်ခြင်းအကျင့်)ကို သျှတ္တရကျမ်းဂန်များနှင့် နှိုင်းယှဉ်လျက် [အထာတော ဂျိဂယာဆာ] ခရီးသွားလာခြင်းကျင့်စဉ်သည် ထောက်မှီ၍မရသော အလွန်နက်နဲသော ကျင့်စဉ်မြတ် ဖြစ်သည်ဟူ၍ ဂုဏ်ပြုအမွှမ်းတင်ပြီး ရေးသားထားသည်။ ရာဟုလာသည် သူ၏ ယူမက္ကရသျှတ္တရ [ခြေသလုံးအိမ်တိုင် ခရီးလှည့်လည်သွားလာခြင်း]နှင့် ပတ်သက်သော စာအုပ်ကို 'သျှတ္တရကျမ်းစာ'ဟူ၍ ကျမ်းစာအုပ်အမည်ပေးထားသည်ကို ထောက်လျက် ခရီးလှည့်လည်သွားလာခြင်း ကျင့်စဉ်ကို မည်မျှ အလေးထားသည်ဆိုသည်ကို သိရှိနိုင်သည်။

ရာဟုလာသည် ခရီးလှည့်လည်သွားလာခြင်း ကျင့်စဉ်ကို သူကိုယ်တိုင်လည်း ကျင့်သုံးသည်။ ဤ 'ယူမက္ကရသျှတ္တရ' ကျမ်းစာအုပ်၌ ပြည်သူအများကိုလည်း ခရီးလှည့်လည်သွားလာခြင်း ကျင့်စဉ်ကျင့်သုံးနိုင်ရန်အတွက် ဆောင်ရန်၊ ရှောင်ရန် အချက်အလက်များကို အကျယ်တဝင့် ရှင်းလင်းပြောပြထားသည်။

ပါရဂူ